ပုံစံ(၁၁)

# နုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

## ခုံအဖွဲ့

၂၀၁၇ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၇/၂၀၁၈)

ဦးရုံးမှူ (ပိုင်ရှင်)
ဗိုလ်မှူးဖော်ဝင်း (ငြိမ်း) (အထွေထွေမန်နေဂျာ)
(အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်း
ခံရသူ)၊ Golden Myan- Tai Co.,Ltd
(ဥက္ကံသကြားစက်ရုံ)၊ ဂုံညှင်းတန်းကျေးရွာ၊
ဥက္ကံမြို့၊တိုက်ကြီးမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ } လျှောက်ထားသူ

နှင့်

ဒေါ်ဝင်းနန္ဒာလှိုင်ပါ (၂၂၆)ဦး
အမှတ် (၇၀)၊ ရေကျော်ရွာ၊
မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ } လျှောက်ထားခြင်းခံရသူ

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ ဂုံညှင်းတန်းကျေးရွာရှိ Golden Myan-Tai Co.,Ltd (ဥက္ကံသကြားစက်ရုံ) အလုပ်ရှင် ဦးရုံးမှူ၊ ဗိုလ်မှူးဖော်ဝင်း (ငြိမ်း) (အထွေထွေမန်နေဂျာ)(အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)နှင့် ဒေါ်ဝင်းနန္ဒာလှိုင်ပါ အလုပ်သမား (၂၂၆)ဦးတို့အကြားဖြစ်ပွားသော အငြင်းပွားမှုကို တိုက်ကြီးမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ထိုအငြင်းပွားမှုကို အငြင်းပွားမှုအမှတ် (၁၄၈/၂၀၁၇) အရ ကြားနာစစ်ဆေးပြီး ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၂။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ အလုပ်သမား ဒေါ်ဝင်းနန္ဒာလှိုင်ပါ (၂၂၆)ဦးတို့မှ တောင်းဆိုခြင်းခံရသူ Golden Myan- Tai Co.,Ltd အလုပ်ရှင် ဦးရုံးမှူထံတွင် အလုပ်မှ ထုတ်ပယ်ခံရသဖြင့် အလုပ်ရပ်စဲမှုနစ်နာကြေးရလိုကြောင်း တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၃။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁) ချက် ရေးဆွဲပြီးအဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူ ဦးရုံးမှူး (အလုပ်ရှင်)မှ အောက်ပါကောက်ချက် အမှတ်(၁)ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ ပြင်ဆင်မှုလျှောက်ထားခြင်း ဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** (က) အလုပ်သမား (၂၂၆)ဦးအား လုပ်သက်အလိုက် နစ်နာကြေး ပေးသင့်/မပေးသင့်။

(ခ) အလုပ်ပြန်လည်ခန့်ထားခြင်းမခံရသော ဒေါ်ဝင်းနန္ဒာလှိုင်ပါ (၂၆)ဦးသည် နို့တစ်ကြေးရသင့်/မရသင့်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** (က) ဒေါ်ဝင်းနန္ဒာလှိုင်ပါ အလုပ်သမား (၂၂၆)ဦးအား လုပ်သက် (၄) နှစ်ကာလအတွက် အလုပ်ရပ်စဲမှုနစ်နာကြေးအဖြစ် တစ်ဦးလျှင် (၄)လစာ (OT မပါနှုန်းဖြင့်) ထုတ်ပေးရန်၊

(ခ) အလုပ်ပြန်လည်ခန့်ထားခြင်းမခံရသော ဒေါ်ဝင်းနန္ဒာလှိုင်ပါ အလုပ်သမား (၂၆)ဦးအား တစ်ဦးလျှင် နို့တစ်ကြေးတစ်လစာစီ (OT မပါနှုန်းဖြင့်) ထုတ်ပေးရန် ဆုံးဖြတ်သည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၁၄၈/၂၀၁၇) ဆုံးဖြတ်ချက် အပေါ်တွင်ကျေနပ်မှုမရှိသဖြင့် ဦးရုံးမှူး(အလုပ်ရှင်)မှ ခုံသမာဓိကောင်စီသို့ ပြင်ဆင်မှုလျှောက်ထား လာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၈) ဖြင့် ခုံသမာဓိကောင်စီ၊ အမှုအမှတ် (၇/၂၀၁၈) အား ကြားနာ စစ်ဆေးမည့် ဝန်ကြီးဌာနကိုယ်စားလှယ် ဦးသောင်းစိန်၊ အလုပ်ရှင်ကိုယ်စားလှယ် ဒေါက်တာ စောယုဝင်း၊ အလုပ်သမားကိုယ်စားလှယ် ဦးတင်ထွန်းတို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေး အပ်ခဲ့သည်။

၅။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုတွဲကိုလက်ခံရရှိပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့နှင့် ခုံသမာဓိအဖွဲ့တို့မှ လွှဲပြောင်းပေးပို့တင်ပြလာသည့် မှတ်တမ်းများ၊ စာရွက်စာတမ်း အထောက်အထားများ၊ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာများ၊ နှစ်ဖက်ထွက်ဆိုချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး စီရင်ဆုံးဖြတ် လိုက်သည်-

**ကောက်ချက်အမှတ်(၁)။** (က) အလုပ်သမား (၂၂၆)ဦးအား လုပ်သက်အလိုက် အလုပ်ရပ်စဲမှု နစ်နာကြေး ပေးသင့်/မပေးသင့်။

(ခ) အလုပ်ပြန်လည်ခန့်ထားခြင်းမခံရသော ဒေါ်ဝင်းနန္ဒာလှိုင်ပါ (၂၆)ဦးသည် နို့တစ်ကြေး ရသင့်/မရသင့်။

**စစ်ဆေးတွေ့ရှိချက်**

၆။ အလုပ်သမားရေးရာအငြင်းပွားမှုဖြစ်စဉ်အရ အလုပ်ရှင် ဦးရုံးမှူးနှင့် အလုပ်သမား ဒေါ်ဝင်းနန္ဒာလှိုင်ပါ (၂၂၆)ဦးတို့၏ အမှုသည် မြို့နယ်အဆင့်၊ တိုင်းဒေသကြီးအဆင့် စသည်တို့ကို နှစ်ဦးနှစ်ဖက်တို့မှ သက်သေခံအထောက်အထားများဖြင့် တင်ပြချက်များ၊ စစ်ဆေးတွေ့ရှိချက်များကို အခြေပြု၍ အသေးစိတ်လေ့လာစစ်ဆေးနိုင်ရန်အတွက် ခုံသမာဓိကောင်စီသည် ၂၉-၁-၂၀၁၈ ရက်နေ့တွင် အလုပ်ရှင်၏ကိုယ်စား တာဝန်လွှဲအပ်ခြင်းခံရသူ ဗိုလ်မှူးဇော်ဝင်း (ငြိမ်း)နှင့် ဗိုလ်ကြီး တင်ဆွေအောင်(ငြိမ်း)နှင့် အလုပ်သမားဘက်မှ ဒေါ်ဝင်းနန္ဒာလှိုင်၊ ဒေါ်သိန်းအေး၊ ဦးတင်ဇော်လတ်၊ ဦးကြည်ခိုင်ဝင်းတို့မှ တက်ရောက်၍ အမှုဖြစ်စဉ်နှင့်ပတ်သက်၍ ခုံအဖွဲ့၏ ရှေ့တောင့်စုံမှ မေးမြန်းချက်များကို ထွက်ဆိုရှင်းလင်းခဲ့ကြပါသည်။

၇။ ရှေးဦးစွာ အလုပ်ရှင်ကိုယ်စား ဗိုလ်မှူးဇော်ဝင်း (ငြိမ်း)နှင့် ဗိုလ်ကြီးတင်ဆွေအောင်(ငြိမ်း) တို့မှ ၎င်းတို့စက်ရုံဖြစ်တည်လာပုံကို ရှင်းလင်းခဲ့ရာ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ထံမှ အချင်းဖြစ်ပွားခဲ့သည့် ဥက္ကံသကြားစက်ရုံကို ၎င်းတို့ Golden Myan- Tai Co.,Ltd အလုပ်ရှင် ဦးရုံးမှူးမှ ငှားရမ်းလုပ်ကိုင်ခဲ့ပါသည်။ ယခင်မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ အလုပ်သမားဝန်ထမ်းများ အားလုံးကို လွှဲပြောင်းရယူခဲ့ပြီး၊ ၎င်းအလုပ်သမားများ၏ လုပ်ခလစာခံစားခွင့်များကိုလည်း ယစဉ် ပေးချေခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပါဝင်ခဲ့သော ယခင်မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ဝန်ထမ်းများ၏ အလုပ်ရပ်စဲမှုနှုန်းထားများကိုလည်း သက်ဆိုင်ရာမူလအလုပ်ရှင် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်မှ ခံစားခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ ယခုအငြင်းပွားမှုဖြစ်စဉ်တွင်ပါဝင်သော ဒေါ်ဝင်းနန္ဒာလှိုင်ပါ အလုပ်သမားအားလုံးတို့သည်လည်း ထိုက်သင့်သည့်အလုပ်ရပ်စဲမှုနစ်နာကြေး များကို ရယူခဲ့ပြီးဖြစ်၍ မိမိတို့အနေဖြင့် နောက်ထပ် (၂)လစာသာ ပေးနိုင်မည်ဖြစ်ကြောင်းနှင့် နို့တစ်ကြေးပေးရန်မလိုအပ်ဟုမှတ်ယူ၍ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက် သည် မှုဘောင်ကျော်လွန်၍ ချမှတ်ထားသည်ဟုထင်မြင်၍ ယခုကဲ့သို့ ခုံသမာဓိကောင်စီသို့ ပြင်ဆင် မှုလျှောက်ထားရခြင်းဖြစ်ပါကြောင်း ထွက်ဆိုခဲ့ကြပါသည်။

၈။ အလုပ်သမား ဒေါ်ဝင်းနန္ဒာလှိုင်ပါ(၂၂၆)ဦးတို့အနက် ဒေါ်ဝင်းနန္ဒာလှိုင်၊ ဒေါ်သိန်းအေး၊ ဦးတင်ဇော်လတ်၊ ဦးကြည်ခိုင်ဝင်းတို့မှ မိမိတို့၏ မူလအလုပ်အကိုင်များမှ ရပ်စဲခံခဲ့ရသည့် အခြေအနေများကိုတင်ပြခဲ့ရာတွင် ဒေါ်ဝင်းနန္ဒာလှိုင်ပါ(၂၆)ဦးတို့သည် အလုပ်ပြန်လည်ခန့်အပ်ခြင်း မခံရသဖြင့် နောက်ဆုံးရရှိခဲ့သည့် သက်သေခံ (က)ဖြစ်သည့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ ၅-၁၂-၂၀၁၇ ရက်စွဲပါ စီမံခန့်ခွဲမှုအမိန့်အမှတ်(၅၉၄/၂၀၁၇)နှင့် သက်သေခံ(ခ)ဖြစ်သည့် ၃၀-၁၁-၂၀၁၇

ရက်စွဲပါ စာအမှတ် ဦးပိုင်(ဥက္ကဋ္ဌ)/၁-ခန့်ခွဲ/၀၂၀/၂၀၁၇ (၅၂၂)၊ ရုံးအမိန့်အရ Golden Myan- Tai Co.,Ltd မှ ၃၀-၁၁-၂၀၁၇ ရက်နေ့အထိ တာဝန်ယူပြီး၊ ၁-၁၂-၂၀၁၇ ရက်နေ့မှစ၍ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ စက်ရုံ၏ဝန်ထမ်းရေးရာ အုပ်ချုပ်စီမံမှုများကို စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ နှစ်ဖက်သဘောတူညီချက်ရရှိခဲ့ပြီးဖြစ်ကြောင်းနှင့် ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ခဲ့သော အလုပ်သမားများအနေဖြင့် အလုပ်ပြန်လည်လျှောက်ထားရန် ဖော်ပြပါရှိသည့် အမိန့်စာတို့အရ မိမိတို့သည်လည်း ပြန်လည်လျှောက်ထားခဲ့ရာတွင် မိမိအပါအဝင် အလုပ်သမား(၂၆)ဦးတို့သည် ၆-၁၂-၂၀၁၇ ရက်နေ့အထိ ပြန်လည်ခန့်ထားခြင်းတွင် ပါဝင်မှုမရှိ၍ အလုပ်ရပ်စဲခံရကြောင်း သိရှိခဲ့ပါသည်။ ထို့အတွက် မိမိတို့အနေဖြင့် အလုပ်ရပ်စဲမှုနှုန်းထားများခံစားလို၍တောင်းခံရမည်ဆိုပါက မိမိတို့သည် ယခင်လုပ်ကိုင်ခဲ့သော လုပ်သက်ကာလများအတွက် မြန်မာ့စီးပွားရေးဦးပိုင်လုပ်ငန်းမှ ရရှိခံစားခဲ့ပြီးဖြစ်၍ ထပ်မံရရှိရန်မဖြစ်နိုင်ပါ ။ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ Golden Myan- Tai Co.,Ltd သို့ သွားရောက်လုပ်ကိုင်ခဲ့သည့် ကာလများအတွက်ကိုသာ ဥပဒေနှင့်အညီခံစားခွင့်ရှိကြောင်းသိရှိ သဘောပေါက်ပါသည်။ ထို့ပြင် ၂၅-၅-၂၀၁၇ ရက်နေ့တွင် တိုက်ကြီးမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် ချုပ်ဆိုခဲ့သော နှစ်ဖက်သဘောတူစာချုပ်အမှတ် (၂၃/၂၀၁၇) အပိုဒ် (ခ)တွင်ပါဝင်သော **"၁-၁၁-၂၀၁၃ ရက်နေ့မှ ၁၈-၅-၂၀၁၇ ရက်နေ့အထိ ဝန်ထမ်းများ၏ လုပ်သက်အား Golden Myan- Tai Co.,Ltd မှ တာဝန်ယူမည်ဖြစ်ပြီး ကုမ္ပဏီနှင့် ဆက်လက်မလုပ်ကိုင်လိုသော ဝန်ထမ်းများအား လုပ်သက်အလိုက်နစ်နာကြေးပေးရန်"**ဟု ဖော်ပြပါရှိသဖြင့် မိမိတို့သည် Golden Myan- Tai Co.,Ltd တွင် လုပ်ကိုင်ဆောင်ရွက်နေသော ဝန်ထမ်းများဖြစ်၍ အလုပ်ရပ်စဲခြင်းနှင့်ပတ်သက်၍ ခံစားခွင့်များကို ရရှိထိုက်သည်ဟု ထွက်ဆိုတင်ပြခဲ့ပါသည်။

<u>သုံးသပ်ချက်</u>

၉။ အဆိုပါအငြင်းပွားမှုဖြစ်စဉ်သည် အလုပ်ရပ်စဲခြင်း၊ခန့်ထားခြင်းတို့နှင့်ပတ်သက်၍ တိကျစွာဖော်ပြနိုင်သည့် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ်ကို ပီပြင်စွာချုပ်ဆို ဆောင်ရွက်ခြင်းမရှိ၍ ယခုကဲ့သို့အငြင်းပွားမှုပေါ်ပေါက်လာရကြောင်း စိစစ်တွေ့ရှိရပါသည်။ Golden Myan- Tai Co.,Ltd ၏ ထွက်ဆိုချက်များအရလည်း အလုပ်သမားများအပေါ် စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုနှင့်ပတ်သက်၍ ဆုံးဖြတ်ပေးရခြင်းမရှိ၍ အလုပ်သမားတို့၏ တောင်းဆိုမှုကို တာဝန်မယူငြင်းပယ်သည်ဟု မှတ်ယူ၍မရပါ။ ၎င်းတို့အနေဖြင့် အလုပ်ရပ်စဲမှုနှုန်းထားကို ယခင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ လုပ်သက်အလိုက် (၆)လစာ ခံစားခဲ့ပြီးဖြစ်၍ (၂)လစာသာပေးလိုကြောင်းကို တင်ပြထွက်ဆိုခဲ့ကြ၍ မိမိတို့ကုမ္ပဏီလက်ထက်ကာလတွင် ဆောင်ရွက်ခဲ့သည့် အလုပ်သမားတို့၏လုပ်သက်အလိုက်ခံစားသင့်သည့် အလုပ်ရပ်စဲမှုနှုန်းထားကိုပေးရန် တာဝန်ရှိကြောင်း ခုံအဖွဲ့မှအကျယ်တဝင့်ရှင်းလင်းခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် သက်ဆိုင်

သည့် Golden Myan- Tai Co.,Ltd တို့၏ လုပ်ငန်းဆိုင်ရာ သဘောတူစာချုပ်များကို အလုပ်သမားများအနေဖြင့် မသိရှိသည်မှာ သဘာဝကျ၍ ယခုကဲ့သို့ မူလပိုင်ရှင်ဖြစ်သည့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သို့ လွှဲပြောင်းသည့်အခါတွင် ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရလိမ့်မည်ဟု အလုပ်သမားများမှ မျှော်မှန်းထားကောင်း ထားလိမ့်မည်ဟု သုံးသပ်ပါသည်။ ယခုကဲ့သို့ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ အသစ်ပြန်လည်ခန့်ထားမှုမရှိခြင်းသည် အလုပ်ရှင်၏ အခွင့်အရေးသာဖြစ်၍ စွက်ဖက်တောင်းခံရန်မရှိပါ။ ၎င်းအလုပ်သမားများ လုပ်အားစိုက်ထုတ်၍ ကျင်လည်ခဲ့ရသော Golden Myan- Tai Co.,Ltd ၏ တာဝန်ရှိသူများသည် မိမိတို့၏ လုပ်ငန်းသဘောသဘာဝနှင့် စီးပွားရေးအကျိုးအမြတ်ဖြစ်ထွန်းမှုအခြေအနေပေါ်မူတည်၍ မူလပိုင်ရှင်ထံသို့ လွှဲပြောင်းမည့်အကြောင်းကို နို့တစ်စာထုတ်ပြန်၍ဖြစ်စေ၊ အလုပ်ခန့်ထားခြင်းမခံရသည့် အလုပ်သမား ဒေါ်ဝင်းနန္ဒာလှိုင်အပါအဝင် လုပ်သားထုတစ်ရပ်လုံးကို အသိပေးဆောင်ရွက်ခဲ့ပါက အလုပ်ရပ်စဲခြင်းကြောင့်ခံစားရမည့် လူမှုဒုက္ခအခြေအနေများကို တင်ကြိုကာကွယ်ဆောင်ရွက်နိုင် မည်ဖြစ်ပါသည်။ ယခု အလုပ်ရပ်နားခံရသည့် အလုပ်သမားအချို့တို့သည် ဇနီးမောင်နှံများ၊ မိသားစုတစ်စုတည်းမှပါဝင်သည်ဖြစ်၍ မိသားစုဘဝရပ်တည်ရေးအတွက်ပင် ခက်ခဲကြုံတွေ့နေရကြောင်း သုံးသပ်မိပါသည်။

၁၀။ ထို့ကြောင့် Golden Myan- Tai Co.,Ltd အနေဖြင့် ၎င်း၏လုပ်ငန်းလည်ပတ်နေစဉ်ကာလအတွင်း လုပ်ကိုင်ခဲ့ပြီး မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သို့ ပြန်လည်လွှဲပြောင်းရာတွင် ခန့်ထားခံရခြင်းမရှိဘဲ အလုပ်ရပ်စဲခံခဲ့ရသော အလုပ်သမား ဒေါ်ဝင်းနန္ဒာလှိုင်ပါ (၂၆)ဦးတို့အား ဥပဒေပါ ခံစားခွင့်များကို အပြည့်အဝပေးသင့်သည်ဟု သုံးသပ်ပါသည်။ ၎င်းတို့ဘဝပြန်လည်ထူထောင်ရေးအတွက် နောက်ဆုံးလုပ်ကိုင်ခဲ့သော အလုပ်ဌာနဖြစ်သည့် Golden Myan- Tai Co.,Ltd သည် တာဝန်ယူဆောင်ရွက်သင့်သည်ဖြစ်၍ ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၃ (င)အရ အောက်ပါအတိုင်းပြင်ဆင်ဆုံးဖြတ်လိုက်သည်-

**ဆုံးဖြတ်ချက်အမှတ်(၁)။** (က) ဒေါ်ဝင်းနန္ဒာလှိုင်ပါ အလုပ်သမား(၂၆)ဦးတို့အား Golden Myan - Tai Co.,Ltd တွင် လုပ်ကိုင်ခဲ့သည့် လုပ်သက်အလိုက် အလုပ်ရပ်စဲမှုနစ်နာကြေးများကို သတ်မှတ်ထားသည့် ခံစားခွင့်နှုန်းများနှင့်အညီ (OT မပါ )ဖြင့် တွက်ချက်ခံစားခွင့်ပြုရန်၊

(ခ) အလုပ်ပြန်လည်ခန့်ထားခြင်းမခံရသော ဒေါ်ဝင်းနန္ဒာလှိုင်ပါ အလုပ်သမား (၂၆)ဦးအား တစ်ဦးလျှင် နို့တစ်ကြေးတစ်လစာစီ

(OT မပါနှုန်းဖြင့်) Golden Myan - Tai Co.,Ltd မှ ထုတ်ပေးရန် ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၁၁။ အထက်ပါဆုံးဖြတ်ချက်အရပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။ အလုပ်ရှင်ဘက်မှ ပေးရန်ပျက်ကွက်ပါက ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးနည်းဥပဒေ ၂၉ အရ အဆိုပါငွေကို မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

| ဒေါက်တာစောယုဝင်း | ဦးသောင်းစိန် | ဦးတင်ထွန်း |
|---|---|---|
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |